AMI Life

အသက်အာမခံ

## ခိုင်မာသောအနာဂတ်တည်ဆောက်နိုင်မယ့် စုငွေတိုးပွားအသက်အာမခံ



# AMI Life Prosper Saver Plan

# စုငွေတိုးပွားအသက်အာမခံ

## ဘာကြောင့် AMI Life ကိုရွေးချယ်သင့်သလဲ?

Why do we choose AMI Life?

- မြန်မာနိုင်ငံတွင် (၁၀) နှစ်ကျော်သက်တမ်းရှိသော အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်ခြင်း။
- အသက်အာမခံအကာအကွယ်များကို ထိထိရောက်ရောက် အများပြည်သူများအား ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်ခြင်း။
- အများပြည်သူအတွက် တစ်သက်တာလက်တွဲအားထားရာ အသက်အာမခံကုမ္ပဏီတစ်ခုအဖြစ် အစဉ်တစိုက်ကြိုးစားနေသော ကုမ္ပဏီတစ်ခုဖြစ်ခြင်း။

Partner for Life

လက်တွဲတစ်သက်တာရောမြန်မာ




“ကျွန်ုပ်တို့ ရေမြန်မာအသက်အာမခံကုမ္ပဏီသည် မြန်မာပြည်သူလူထုအတွက် ထိရောက်တဲ့ အသက်အာမခံအကာအကွယ်များကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြီး ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။”

### ❖ကျွန်ုပ်တို့၏ မျှော်မှန်းချက် (Our Vision)

မိဘပြည်သူများ၏ တစ်သက်တာလက်တွဲအားထားရာ အသက်အာမခံတစ်ခုအဖြစ် ယုံကြည်မှုတည်ဆောက်သွားဖို့ဖြစ်ပါတယ်။

### ❖ကျွန်ုပ်တို့၏ ရည်ရွယ်ချက် (Our Purpose)

မိဘပြည်သူများအတွက် အသက်အာမခံ ဝန်ဆောင်မှုများ အကောင်းဆုံးပေးနိုင်ရန်နှင့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက် ကျွန်ုပ်တို့၏ ဝန်ထမ်းများမှ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် အထူးကြိုးစားတည်ဆောက်လျက်ရှိပါတယ်။

## AMI Life မှအသက်အာမခံအကာအကွယ်များ
Offering Products by AMI Life

### Income Protection Scheme

- AMI Life Accident Protector
  (ကိုယ်အင်္ဂါထိခိုက်မှု အာမခံ)
- Farmer Life Insurance
  (တောင်သူလယ်သမား အသက်အာမခံ)
- Sportsman Life Insurance
  (အားကစားကိုယ်အင်္ဂါထိခိုက်မှု အာမခံ)

### Health Protection Scheme

- AMI Life Health Care Plan
  (ကျန်းမာရေး အာမခံ)
- AMI Life Critical Illness Care Plan
  (ပြင်းထန်သောရောဂါကုသမှု အာမခံ)

### Wealth Accumulation Scheme

- AMI Life Prosper Saver Plan
  (စုငွေတိုးပွား အသက်အာမခံ)
- AMI Life Short Saver Plan
  (နှစ်တိုငွေပင်ငွေရင်း အသက်အာမခံ)
- AMI Life Student Saver Plan
  (စာသင်သား အသက်အာမခံ)

### Employee Benefits Scheme

- AMI Life Group Protector
  (စုပေါင်းအသက်အာမခံ)
- AMI Life Group Health Care Plan
  (စုပေါင်းကျန်းမာရေး အာမခံ)
- AMI Life Group Accident Protector
  (စုပေါင်းကိုယ်အင်္ဂါထိခိုက်မှု အာမခံ)
- AMI Life Group Critical Illness Care Plan
  (စုပေါင်းပြင်းထန်သောရောဂါကုသမှု အာမခံ)

## AMI Life မှထပ်ဆောင်းဝန်ဆောင်မှုများ
Extra Benefits Above Life Insurance from AMI Life

### AMI Life Extra Privileges

ကျွန်ုပ်တို့ ရောမြန်မာအသက်အာမခံသည် မိမိတို့အထူးအလေးထားအပ်သော အာမခံဆက်သွယ်ဝယ်ယူသူများ၏ အကျိုးကိုရှုမျှော်၍ လူမှုနေ့စဉ်ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ကာ အသက်အာမခံအကာအကွယ်များသာမက အခြားထပ်ဆောင်းဝန်ဆောင်မှုများဖြစ်သော AMI Life EcoSystem Partnership Benefits (မိတ်ဖက်များထံမှ သီးသန့်အထူးအကျိုးခံစားခွင့်များ) နှင့် AMI Life Care Services (ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ) အား အဆင်ပြေချောမွေ့စွာဖြင့် ရယူအသုံးပြုနိုင်စေရန် ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ထို့ပြင် နောင်လာမည့် အနာဂတ်များ၌လည်း ဤကဲ့သို့ သာလွန်ကောင်းမွန်သောဝန်ဆောင်မှုများအား ဖော်ဆောင်နိုင်ရန် အထူးကြိုးပမ်းလျက်ရှိပါသည်။

#### AMI Life Ecosystem Partnership Benefits

- **Home EcoSystem**
  Home Loan Providers, Auto Dealers and Home Security Companies
- **Health Care EcoSystem**
  Hospitals, Clinics, Pharmacies and Fitness service
- **Lifestyle EcoSystem**
  Travel aggregators, Education service providers, and Personal loan providers

#### AMI Life Care Services

- Teleconsultation Service
- Specialist Privileges Service
- E-Pharmacy Service
- Home Healthcare Service
- Home Lab Service
- Ambulance Contact Service

**Scan here for more details**

# စုငွေတိုးပွားအသက်အာမခံဆိုတာဘာလဲ
# What is AMI Life Prosper Saver Plan?

လူ့ဘဝတစ်လျှောက် အသက်အရွယ်အပိုင်းအခြားမရွေး၊ ရည်ရွယ်ချက် အမျိုးမျိုးထားပြီးတော့ ပုံစံအမျိုးမျိုးနဲ့ ငွေစုဆောင်းကြပါတယ်။ ငွေစုဆောင်းနေစဉ် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့ရည်မှန်းထား တဲ့ အချိန်ကာလတစ်ခုမရောက်မီ မမျှော်လင့်တဲ့ကံကြမ္မာဆိုးများ ဝင်လာတတ်ပါတယ်။

AMI Life ရဲ့ စုငွေတိုးပွား အသက်အာမခံ ကတော့ သင့်စုငွေအတွက် လုံခြုံမှုပေးပြီး၊ ငွေစုဆောင်းနေစဉ်အတွင်းမှာ နှစ်ဆတိုးအသက်အာမခံအကာအကွယ်ရရှိမည့်အပြင်၊ စုဆောင်းကာလပြည့်ပြီးချိန်မှာလည်း နှစ်စေ့အကျိုးခံစားခွင့်ကို ရရှိနိုင်မှာဖြစ်ပါတယ်။

## ဘာကြောင့် စုငွေတိုးပွားအသက်အာမခံကို ဝယ်ယူသင့်တာလဲ။
Why should be insured?

### စုငွေမှတစ်ဆင့် ဆတိုးပွားလာသော ငွေအား နှစ်စေ့သည့်အချိန်တွင် ရရှိနိုင်ခြင်း

မိမိ၏ စုဆောင်းထားသော ငွေမှတစ်ဆင့် ဆတိုးပွားလာသောငွေအား နှစ်စေ့သည့်အချိန်တွင် ပြန်လည်ရယူနိုင်ခြင်း။

### မိမိတန်ဖိုးထားရသောသူများအား ငွေကြေးပူပန်မှုမှကင်းဝေးစေခြင်း

မမျှော်လင့်သော ကံကြမ္မာဆိုးများနှင့် ကြုံရသော် နှစ်ဆတိုးအသက်အာမခံဖြင့် ချစ်ခင်တန်ဖိုးထားသူများအား ကာကွယ်ပေးနိုင်ခြင်း။

### အနာဂတ်ရည်ရွယ်ချက်များ ဆောင်ရွက်ရာတွင် စိတ်အေးချမ်းသာစွာဖြင့် ငွေစုဆောင်းနိုင်ခြင်း

အာမခံထားသူများသည် အာမခံသက်တမ်းအတွင်း မိမိတို့၏ငွေစုဆောင်းမှု ရည်ရွယ်ချက်များကိုသာ အလေးထား ဆောင်ရွက်နိုင်ပြီး၊ အာမခံအကာအကွယ်နှင့် အကျိုးခံစားခွင့်ထုတ်ပေးနိုင်မှုအား AMI Life မှတာဝန်ယူ ဆောင် ရွက်ခြင်း။

## အသက်အာမခံဝယ်ယူရရှိနိုင်သူများ
Who can buy AMI Life Prosper Saver Plan?

အသက် ၂၀ နှစ် မှ ၅၀ နှစ် အတွင်းရှိသူ မည်သူမဆို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိနှင့် အာမခံဆိုင်ရာ အကျိုးစီးပွားပတ်သက် ဆက်နွယ်သူရှိသူတစ်ဦးဦးကိုသော်လည်းကောင်းဝယ်ယူထားရှိနိုင်ပါသည်။

(၁) အာမခံပေါ်လစီရှင် ကိုယ်တိုင်အတွက် အာမခံထားရှိခြင်း
(၂) အာမခံပေါ်လစီရှင်၏ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မိခင် နှင့် ဖခင် အတွက် အာမခံထားရှိခြင်း
(၃) အာမခံပေါ်လစီရှင်သည် မိခင်ဘက် (သို့) ဖခင်ဘက်မှ အဖိုး၊ အဖွား ဖြစ်ပါက မြေးများအတွက် အာမခံထားရှိခြင်း

# AMI Life စုငွေတိုးပွားအသက်အာမခံမှ ရရှိနိုင်မည့်အကျိုးခံစားခွင့်များ
## Benefits of AMI Life Prosper Saver Plan




အသက် (၃၀) နှစ်အရွယ်ရှိ ကိုမင်းသည် အာမခံသက်တမ်း (၁၀) နှစ်ရှိသော AMI Life Prosper Saver Plan အာမခံပေါ်လစီကို တစ်ကြိမ်တည်းပေးပရီမီယံ ကျပ်သိန်း (၁၀၀) ဖြင့် ဝယ်ယူခဲ့ပါသည်။ သူ၏ ပရီမီယံသက်တမ်းမှာ ၁ နှစ်ဖြစ်ပြီး ၃ လ တစ်ကြိမ်ဖြင့် ပရီမီယံကြေး ကျပ် ၂,၅၈၅,၀၀၀ ကို စုငွေတိုးပွားအသက်အာမခံ ပေါ်လစီအတွက် ပေးသွင်းရပါသည်။ (၁) နှစ် ပြည့်သည့်အခါတွင် သူ၏ စုစုပေါင်း ပေးသွင်းပရီမီယံမှာ ၁၀,၃၄၀,၀၀၀ ကျပ် ဖြစ်ပါသည်။


ကိုမင်းအနေဖြင့် စုငွေတိုးပွားအသက်အာမခံဖြင့် ငွေစုဆောင်းပါက စုဆောင်းနေစဉ် အသက်အာမခံအကာအကွယ် ရရှိမည့်အပြင် ၁၀ နှစ်ပြည့်ချိန်တွင်လည်း နှစ်စေ့အကျိုးခံစားခွင့် သိန်း ၁၉,၁၀၀,၀၀၀ ကိုပါ ရရှိမည်ဖြစ်သည်။




ကိုမင်းအနေဖြင့် ဆက်လက်စုဆောင်းရန် ဆန္ဒမရှိ၍ အမ်းငွေထုတ်ယူလိုပါက ရရှိနိုင်မည့် အမ်းငွေအကျိုးခံစားခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်။




ကိုမင်းအနေဖြင့် စုငွေကို (၁၀)နှစ်အစား (၅)နှစ် (သို့) (၇)နှစ် စုဆောင်းလိုပါက ရရှိနိုင်မည့်နှစ်စေ့အကျိုးခံစားခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်။



## အပိုအကာအကွယ် (Rider Benefit)

### ရည်ရွယ်ချက် (Purpose)

အာမခံထားသူသည် အာမခံသက်တမ်းအတွင်း မတော်တဆမှုကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း (သို့မဟုတ်) ထိခိုက်ဒဏ်ရာရရှိ ပါက အကာအကွယ်ရစေရန် ရည်ရွယ်ထားပါသည်။
စုငွေတိုးပွားအသက်အာမခံဝယ်ယူထားသူများအနေဖြင့် လူမှုဘဝနေ့စဉ်လှုပ်ရှားမှုများတွင် မတော်တဆထိခိုက်မှုကြောင့်ဖြစ် ပေါ်လာသော ကုန်ကျစရိတ်များအား သက်သာစေနိုင်ရန် အပိုအကာအကွယ်ထပ်မံဝယ်ယူ၍ ထပ်တိုး အကျိုးခံစားခွင့်များရယူနိုင် ပါသည်။

### အပိုအကာအကွယ် (Rider Benefit)

**အာမခံထားခွင့်ရှိသူ (Eligible Age)**

အာမခံထားသည့်အချိန်တွင် အသက် (၂၀) နှစ် မှ (၅၀) နှစ်အတွင်း မည်သူမဆိုအာမခံထားနိုင်ပါသည်။ သို့သော် မူရင်းပေါ်လစီ၏ အာမခံထားခွင့်ရှိသူအတိုင်းသာ ဖြစ်ပါသည်။

**အာမခံသက်တမ်း (Policy Term)**

အာမခံသက်တမ်းသည် (၅)နှစ် ၊ (၇)နှစ်၊ (၁၀)နှစ် ဖြစ်ပါသည်။ သို့သော် မူရင်းပေါ်လစီ၏ အာမခံသက်တမ်းအတိုင်းသာ ဖြစ်ပါသည်။

**အာမခံထားငွေ (Sum Insured Amount)**

အာမခံထားငွေမှာ မူရင်းပေါ်လစီ၏ တစ်ကြိမ်တည်းပေးပရီမီယံအတိုင်းဖြစ်ပါသည်။ သို့သော် အနည်းဆုံး ကျပ် ၅၀၀,၀၀၀ မှ အများဆုံး ကျပ် ၅,၀၀၀,၀၀၀ အထိ ဖြစ်ပါသည်။

**ပရီမီယံနှုန်း (Premium Amount)**

ပရီမီယံပေးသွင်းမှုပုံစံသည် အခြေခံပေါ်လစီတွင်ဝယ်ယူထားသည့်အတိုင်း ဖြစ်ပါသည်။

**အကျိုးခံစားခွင့် (Benefits)**

- မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုအကျိုးခံစားခွင့်
- မတော်တဆမှုကြောင့် ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်

### အကျိုးခံစားခွင့်မရနိုင်သည့်ကိစ္စများ (Exclusions)

အာမခံထားသူသည် အောက်ဖော်ပြပါအကြောင်းကိစ္စရပ်တစ်ခုခုကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း (သို့) ထိခိုက်ဒဏ်ရာရရှိ ခြင်းအတွက် ထပ်တိုးအကျိုးခံစားခွင့်ကို မပေးချေပါ။
သို့သော် ပေးသွင်းထားသောပရီမီယံကိုသာ ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကိုထိခိုက်အောင်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ဒဏ်ရာရရှိခြင်း။

(ခ) ဘေးအန္တရာယ်ရှိသော ဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်ဒဏ်ရာရရှိခြင်း။

(ဂ) စစ်ဖြစ်ပွားခြင်း (စစ်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ)၊ စစ်အသွင်တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ် (သို့မဟုတ်)လူထုအုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ခြင်း၊ စစ်တပ်အာဏာ သိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့မဟုတ်) သိမ်းပိုက်ထားခြင်း၊ ပြည်တွင်းဆူပူသောင်းကျန်းခြင်း၊ ၎င်းတို့ကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ (သို့မဟုတ်) ၎င်းတို့၏အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ဒဏ်ရာရရှိခြင်း နှင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဃ) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထိခိုက်ဒဏ်ရာရရှိခြင်း နှင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(င) မိမိကိုယ်ကို သတ်သေခြင်းကြောင့် မသေဘဲ ထိခိုက်ဒဏ်ရာရရှိခြင်း နှင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဝယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။
တို့ဖြစ်ပါသည်။

## စုငွေတိုးပွားအသက်အာမခံစုဆောင်းမှုပုံစံအသေးစိတ်အချက်အလက်များ
Detail Information of AMI Life Prosper Saver Plan

| | |
|---|---|
| အာမခံဝယ်ယူခြင်း | ၁ဦးချင်းဝယ်ယူနိုင်ပါသည်။ |
| အသက်အပိုင်းအခြား | အသက် ၂၀ နှစ် မှ ၅၀ နှစ် အထိ (မည်သူမဆို) |
| အာမခံသက်တမ်း | (၅) နှစ်၊ (၇) နှစ်၊ (၁၀) နှစ် |
| အာမခံထားငွေ | အနည်းဆုံး ကျပ် (၁၀) သိန်းမှ၊ အများဆုံး ကျပ် သိန်း(၂၀၀) အထိ |

## တစ်ကြိမ်တည်းပေး ပရီမီယံ (Single Premium)

တစ်ကြိမ်တည်းပေး ပရီမီယံမှာ အနည်းဆုံးကျပ် (၅)သိန်းမှ အများဆုံးကျပ် သိန်း (၁၀၀)အထိ အာမခံပေါ်လစီရှင် နှစ်သက်ရာပမာဏကို ရွေးချယ်ဝယ်ယူစုဆောင်းနိုင်ပါသည်။

## ပရီမီယံပေးသွင်းပုံ (Mode of Premium Payment)

ပေါ်လစီများအတွက် တစ်ကြိမ်တည်းပေးသွင်းခြင်း၊ ပေါ်လစီသက်တမ်း၏ ပထမဆုံးနှစ်အတွင်း နှစ်ကြိမ်ခွဲ၍ ပေးသွင်းခြင်း၊ (၄) ကြိမ်ခွဲ၍ပေးသွင်းခြင်း၊ (၁၂) ကြိမ်ခွဲ၍ ပေးသွင်းခြင်း

## နှစ်စေ့ငွေအကျိုးခံစားခွင့်တွက်ချက်ပုံ (Maturity Benefit Calculation)

ရောမြန်မာအသက်အာမခံ၏ Website ရှိ Premium Calculator တွင် လိုအပ်သော အချက်အလက်များအား ဖြည့်သွင်း၍ တွက်ချက်နိုင်ပါသည်။

## အာမခံအကျိုးခံစားခွင့်လျှောက်ထားခြင်း(Claims Procedure)

လူကြီးမင်းအနေဖြင့် အာမခံအကျိုးခံစားခွင့်လျှောက်ထားရာတွင် AMI Life Claims Hotline (+959 9400 7777 3)Ext: 3(2)) (သို့) သက်ဆိုင်ရာအရောင်းကိုယ်စားလှယ်မှတစ်ဆင့် (သို့) AMI Life Assurance Website ရှိ (သို့) E-Claims မှတစ်ဆင့် (သို့) viber chatbot မှတစ်ဆင့် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**အာမခံဝယ်ယူလိုပါက** AMI Life Hotline Number : (+95) 9 9400 7777 3
**သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။**

AMI Life
အသက်အာမခံ

AMI Life ၏ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီသိရှိလိုပါက

www.amilifeassurance.com
AYA Myanmar Life Assurance
AMI Life Assurance
AYA Myanmar Life Assurance

**AYA Myanmar Life Assurance Co., Ltd.**
Room (306), 3rd Floor, Novotel Yangon Max,
Pyay Road, Kamayut Township, Yangon, Myanmar

099 400 77 773
info@amilifeassurance.com
www.amilifeassurance.com